https://www.youtube.com/watch?v=ZX96vhYAPiQ

https://pl-pl.facebook.com/thayninga/videos/%E1%80%B1%E1%80%9E%E1%80%94%E1%80%82%E1%81%A4%E1%80%99%E1%80%9F%E1%80%AC%E1%80%97%E1%80%BA%E1%80%B4%E1%80%9F%E1%80%AC%E1%80%B1%E1%80%9C%E1%80%B7%E1%80%9C%E1%80%AC%E1%80%B1%E1%80%9B%E1%80%B8%E1%80%A1%E1%80%96%E1%80%BC%E1%80%B2%E1%82%95%E1%80%80-%E1%80%85%E1%80%AE%E1%80%85%E1%80%A5%E1%80%B9%E1%80%9E%E1%80%8A%E1%80%B9%E1%80%B7-%E1%80%A1%E1%80%99%E1%80%BA%E1%80%AD%E1%80%B3%E1%80%B8%E1%80%9E%E1%80%AC%E1%80%B8%E1%80%9C%E1%80%B6%E1%80%AF%E1%81%BF%E1%80%81%E1%80%B6%E1%80%B3%E1%80%B1%E1%80%9B%E1%80%B8%E1%82%8F%E1%80%BD%E1%80%84/877988992370342/

https://www.youtube.com/watch?v=N6SIEzbHWqg

https://www.youtube.com/watch?v=FHvgfVtgYPo

**ဆီးရီးယားအရေးနှင့် ပတ်သက်၍ ရုရှားနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုကြားတင်းမာမှုများသည် ရုရှားအဂ္ဂမဟာဗျူဟာအတိုင်း ကိုင်တွယ်ဆောင်ရွက်နေမှုများကြောင့် ပေါ်ပေါက်လာသည့် ရလဒ်တစ်ခုဖြစ်သည်။ ထို့အပြင်ရုရှားစစ်ရေးပါဝါသည် မော်စကိုနိုင်ငံခြားရေးမူဝါဒ၏ အရေးပါသည့် အစိတ်အပိုင်းတစ်ခုအဖြစ် ပြန်လည်ပေါ်ထွက်လာလျက်ရှိပြီး ဒေသဆိုင်ရာ ကြီးစိုးမှုထူထောင်ရန် ကြိုးပမ်းလျက်ရှိသည်ဟု အချို့ကသုံးသပ်လျက်ရှိသည်။**

ရုရှားနိုင်ငံ၏ ဦးစားပေးရေးများ၊ အကျိုးစီးပွားများ၊ ခြိမ်းခြောက်မှုများကို ဖော်ပြထားသည့် ရုရှားအမျိုးသားလုံခြုံရေး မဟာဗျူဟာကို ၂၀၁၅ ခုနှစ်တွင် မော်စကိုက ထုတ်ပြန်ပေးခဲ့သည်။ ယင်းမဟာဗျူဟာအရ ပြည်တွင်း ကျန်းမာရေးနှင့် ပညာရေးမူဝါဒကို သိသိသာသာ အားပေးမည်ဖြစ်ပြီး ဗဟိုအာရှတွင်ရှိ သည့် အကျိုးစီးပွားများကို ပြန်လည်ဖော်ထုတ်၍ တရုတ်နှင့် ဆက်ဆံရေး တိုးမြှင့်မည် ဖြစ်သည်။ ရန်ဘက်များ ဖြစ်လာနိုင်သည့် အမေရိကန်နှင့် နေတိုးတို့အပေါ် မသိမသာရည်ညွှန်းဖော်ပြချက် အနည်းငယ်ပါရှိသော်လည်း စစ်အေးတိုက်ပွဲ ဗားရှင်း ၂ အဖြစ် ပေါ်ထွက်လာနိုင်ခြင်းမရှိပေ။

အဂ္ဂမဟာဗျူဟာဆိုသည်မှာ တိုင်းပြည်တစ်ခုတွင်ရှိ ပါဝါဆိုင်ရာ နည်းနာအားလုံးကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုပြီး အပြည်ပြည်ဆိုင်ရာစနစ်ကို ယင်းတိုင်းပြည်၏ အကျိုးအတိုင်း လုပ်ဆောင်စေရေး ပုံသွင်းမှုဖြစ်သည်။ ရုရှားအဂ္ဂမဟာဗျူဟာတွင် အမျိုးသားလုံခြုံရေးမဟာဗျူဟာတွင် ဖော်ပြထားသည့် အစိတ်အပိုင်းများသာမက

အခြားသော အကြောင်းအရာများလည်းပါဝင်ကာ အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းကို ရုရှားအလိုရှိသည့်အတိုင်း ပုံသွင်းရေးရည်ရွယ်ထားသည်။ အဆိုပါ မဂ္ဂမဟာဗျူဟာကို ပူတင်က ကြေညာခြင်းမရှိသော်လည်း ရုရှားနိုင်ငံ ခြားရေးမူဝါဒ လုပ်ဆောင်ချက်များသည် ယင်းမဟာဗျူဟာ၏ ရည်မှန်းချက်များကို ဖော်ပြလျက်ရှိသည်။ အသေးစိတ်ဆိုပါက ရုရှားအဂ္ဂမဟာဗျူဟာတွင် ရည်မှန်းချက် သုံးခုပါရှိသည်။ အပြည်ပြည်ဆိုင်ရာစနစ်တွင် လိုလားဖွယ်ကောင်းသည့် ပါဝါမျှခြေတစ်ခု ထူထောင်ရေး၊ ငွေရရှိရန်နှင့် ပို့ကုန် တင်ပို့နိုင်ရန် ဈေးကွက်သစ်များသို့ ဝင်ရောက်နိုင်မှု တိုးမြှင့်ရေး၊ ဆိုဗီယက်နယ်မြေဟောင်းများတွင် လွှမ်းမိုးမှုကို တက်ကြွစွာ ဖြန့်ထားရေးတို့ဖြစ်သည်။




**၁-အနောက်အင်စတီကျူးရှင်းများကို နှောင့်ယှက်ကာ ဗဟိုမျိုးစုံကမ္ဘာ ဖန်တီးရေး**

၂၀၁၅ ခုနှစ် ရုရှား အမျိုးသားလုံခြုံ ရေးမဟာဗျူဟာအရ ကမ္ဘာ့ပါဝါတစ်ခုဖြစ်လာရေး မော်စကို ရှင်းရှင်းလင်းလင်း ရည်မှန်းထားခြင်းမရှိပေ။ ယင်းအစား

လက်ရှိအနောက်တိုင်းကို ဦးတည်ထားသည့် အပြည်ပြည်ဆိုင်ရာစနစ်ကို ပြန်လည်ပုံပြောင်းရန်သာ ရုရှားက မျှော်လင့်ထားသည်။ ထို့ကြောင့် ရုရှား၏ ရည်မှန်းချက်သည် ၎င်း၏ အကျိုးစီးပွားများကို အခြားသောပါဝါများ လေးစားစေရေး၊ ၎င်း၏ ရည်မှန်းချက်များသည် ဗဟိုအော်ဒါကို ဆန့်ကျင်သည်ဟု မရှုမြင်စေရေး ဖြစ်သည်။ အဆိုပါ ရည်မှန်းချက်ရရှိရေးအတွက် ဗဟိုစုံ အပြည်ပြည်ဆိုင်ရာ အော်ဒါထူထောင်ရေးကို မော်စကိုက ထောက်ခံထားသည်။ ယင်းကဲ့သို့သော အော်ဒါရှိမှသာ ရုရှားနိုင်ငံတော်သည် အမေရိကန်၊ ဥရောပသမဂ္ဂ၊ တရုတ်တို့နှင့် တန်းတူရည်တူ မိတ်ဖက်ဖြစ်လာနိုင်မည်။ အပြည်ပြည်ဆိုင်ရာ၏ ပေါက်ရောက်နိုင်မှု၊ အနောက် အင်စတီကျူးရှင်းများ၏ သက်ရောက်မှုလျှော့ချရေးသည် ယင်းဗဟိုစုံ ကမ္ဘာ့အော်ဒါ ဖန်တီးရခြင်း၏ အဓိက လိုလားချက်ဖြစ်သည်။

ထို့ကြောင့် နေတိုးစစ်အုပ်စုကို စိန်ခေါ်ခြင်း၊ ဥရောပသမဂ္ဂ အငြင်းပွားမှုများကို ဝမ်းမြောက်ခြင်း၊ အမေရိကန်နှင့် ပြင်သစ်ရွေးကောက်ပွဲတို့ကို ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းခြင်းတို့ လုပ်ဆောင် လျက်ရှိသည်။ ယင်းလုပ်ဆောင်ချက်များသည် အပြည်ပြည်ဆိုင်ရာ လစ်ဘရယ် အော်ဒါကို ဆွဲအားဗဟိုချက်နေရာမှ ဖယ်ထုတ်နိုင်သည်။ ဒုတိယကမ္ဘာ စစ်အပြီးတွင် ပေါ်ထွက်လာသည့် ဘရစ်တန်ဝုဒ် ကမ္ဘာ့ဘဏ္ဍာရေးစနစ်ကို နှောင့်ယှက်နိုင်ရေးအတွက်လည်း ရုရှားနှင့် တရုတ်ကြား ပူးပေါင်းလျက်ရှိသည်။ အနောက်တိုင်း လုံခြုံရေး၊ နိုင်ငံရေးနှင့် စီးပွားရေး အင်စတီကျူးရှင်းတို့ မသေမချာဖြစ်နေသည့် ကာလတွင် မော်စကို အမြတ်ရနိုင်သည်။

## ၂- ဈေးကွက်သစ်ဖွင့်၊ ပိတ်ဆို့မှုဖယ်

ရုရှားအဂ္ဂမဟာဗျူဟာ၏ ဒုတိယအချက်သည် လက်နက်စနစ်များ၊ ရေနံနှင့် ဓာတ်ငွေ့တို့ကို ပြည်ပဈေးကွက်များသို့ ပိုမိုတင်ပို့ခြင်းဖြင့် နိုင်ငံတော်ဘဏ္ဍာတိုက်တွင်းသို့ငွေများ စီးဝင်စေရေးဖြစ်သည်။ ရေတိုကာလရည်မှန်းချက်သည် ၂၀၁၄ ခုနှစ် ကရိုင်းမီးယားကျွန်းဆွယ်ကို သိမ်းယူလိုက်ပြီးနောက်ပိုင်း ရုရှားနိုင်ငံတော်၊ အဓိကဘဏ္ဍာရေးကုမ္ပဏီများနှင့် အဆင့်မြင့်အရာရှိများအပေါ် ချမှတ်ထားသည့် အရေးယူမှုများ ဖယ်ရှားရေးဖြစ်သည်။

ယင်းကဲ့သို့သော ပိတ်ဆို့မှုများချမှတ်ခြင်း၊ ရေနံနှင့် ဓာတ်ငွေ့ဈေးနှုန်းများ ကျဆင်းခြင်းတို့ကြောင့် ပူတင်အုပ်ချုပ်မှုအဖွဲ့ နှင့် ရုရှားနိုင်ငံတွင်းရှိ လုပ်ငန်းများစွာအပေါ် ထိခိုက်လျက်ရှိသည်။ အဆိုပါ ပိတ်ဆို့မှုများရှိနေသရွေ့ ရုရှားလက်နက်များ၊ ရေနံနှင့် ဓာတ်ငွေ့တို့တင်ပို့ရေးကြိုးပမ်းမှုအပေါ် အနှောင့်အယှက်ဖြစ်စေမည်။

## ၃- ဒေသတွင်း ဩဇာနှင့် ပါဝါ ဆန့်ထုတ်ခြင်း

တတိယအချက်သည် အစဉ်အလာ လွှမ်းမိုးရာဒေသများနှင့် ဒေသသစ်များတွင် ရုရှားလွှမ်းမိုးမှုနှင့် ပါဝါဆန့်ထုတ်ရေးလုပ်ဆောင်ရန်ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများ၏ နိုင်ငံခြားရေးမူဝါဒနှင့် အစိုးရများအပေါ် ကြီးစွာလွှမ်းမိုးရန် ရုရှားနိုင်ငံတော် ကြိုးပမ်းလျက်ရှိသည်။ ထို့အပြင် ကရိုင်းမီးယားကို သိမ်းယူပြီးနောက်တွင် ထုတ်ပြန်သည့် ရုရှားမူဝါဒတွင် ပြည်ပရှိ ရုရှားလူမျိုးများကို ကာကွယ်မည်ဟု ဖော်ပြထားသည်။ ဆိုဗီယက် ပြည်ထောင်စုဝင်ဟောင်းများအပေါ် လွှမ်းမိုးစေရေးကို မော်စကိုက တင်းတင်းမာမာ အကောင်အထည်ဖော်လျက်ရှိသလို ပြည်ပရှိ ရုရှားများကို ကာကွယ်မည်ဟု မော်စကို ကတိပြုလိုက်မှုသည် ရုရှားပြန်လည်ခေါင်းထောင်လာမှုကို ဖော်ပြနေခြင်းဖြစ်သည်။ ရည်မှန်းချက်သည် အိမ်နီးချင်းနိုင်ငံများကို ရုရှား၏ ရုပ်သေးရုပ်မဟုတ်လျှင်တောင်မှ ရုရှား၏ ကာကွယ်စောင့်ရှောက်ခံအဖြစ်သို့ ပြောင်းလဲစေရေးဖြစ်သည်။ ၁၉၉၂ ခုနှစ် တွင် ဖွဲ့စည်းခဲ့သည့် စုပေါင်းလုံခြုံရေးစာချုပ်အဖွဲ့မှတစ်ဆင့် အာမေးနီးယား၊ ဘီလာရု၊ ကာဇက်စတန်၊ ကာဂျီစတန်၊ တာဂျစ္စတန်တို့နှင့် ရုရှားကြား စစ်ရေးစာချုပ်ချုပ်ဆိုထားသလို ဒေသတွင်းနိုင်ငံများတွင်လည်း ရုရှားစစ်စခန်းများ တပ်စွဲထားသည်။ အာမေးနီးယားတွင် ရုရှားစစ်သား ၃၃၀၀၊ ဂျော်ဂျီယာမှ ခွဲထွက်ထားသည့် အတ်ခါဇီးယားနှင့် တောင်အော်စက်တီးယားတွင် ၇၀၀၀၊ မော်ဒိုဗာမှ ခွဲထွက်ထားသည့် ထရန်နစ်ထရီယာနယ်တွင် ၁၅၀၀၊ ကာဂျီစတန် တွင် ၁၅၀၀၊ တာဂျစ်စတန်တွင် ၅၀၀၀၊ ကရိုင်းမီးယားတွင် ၂၀,၀၀၀ ထိ ရှိသည်။

## ၄- သစ္စာခံမှုကို ဝယ်ယူခြင်း

အမျိုးသား လုံခြုံရေးမဟာဗျူဟာတွင် တရားဝင် ဖော်ပြထားခြင်းမရှိသော်လည်း ပူတင်၏ ခေါင်းဆောင်မှုပုံစံအကြောင်း ဖော်ပြထားသည့် စာအုပ်များအလိုအရ ပူတင်သည် နိုင်ငံတော်ငွေများကို အသုံးချပြီး ဩဇာအသုံးချလေ့ရှိကြောင်း ရေးသားထားသည်။ သစ္စာရှိ အီလစ်များ သည် နိုင်ငံတော်အင်စတီကျူးရှင်းများ၏ ထိန်းချုပ်မှုမရှိဘဲ လုပ်ရှားကြွယ်ဝနေမှုများသည် ပူတင်၏လုပ်ငန်းလည်ပတ်မှုပုံစံကို ဖော်ပြနေခြင်းဖြစ်သည်။ အကျိုးအမြတ်များသည့် ကန်ထရိုက်များပေးခြင်း၊ လာဘ်ယူမှုကို မသိကျိုးကျွံပြုခြင်းတို့သည် ပုံမှန်လုပ်ရိုးလုပ်စဉ်များဖြစ်သည်။ ထို့ကြောင့် ရုရှားအဂ္ဂမဟာဗျူဟာ၏ ရည်မှန်းချက်တစ်ရပ်သည် မိတ်ဆွေများနှင့် မဟာမိတ်များအပေါ် ဖြန့်ဝေရေးလုံလောက်သည့် အရင်းအနှီးရရှိရေးဖြစ်သည်။ ပူတင်၏ ကြည့်ရှုစောင့်ရှောက်မှု အားပျော့စေရေး လုပ်ဆောင်သည့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းအတိုက်အခံများကို အင်တိုက်အားတိုက် စိန်ခေါ်မည်ဖြစ်သည်။

ယင်းမဟာဗျူဟာများအားလုံးသည် ရုရှားအလိုရှိသည့် နိုင်ငံခြားရေးမူဝါဒရလဒ်များ ပေါ်ထွက်အောင် လုပ်ဆောင်နေမှုဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒီမိုကရေစီတိုးချဲ့ရေး၊ လူ့အခွင့်အရေး ကာကွယ်ရေးတို့အပေါ် အခြေပြုထားသည့် ဒုတိယကမ္ဘာစစ်နောက်ပိုင်း ထူထောင်ထားသော အနောက်ဦးဆောင် အပြည်ပြည်ဆိုင်ရာလည်ပတ်မှုပုံစံကို စိန်ခေါ်ရေးသည် ရုရှားအလိုရှိသည့် နိုင်ငံခြားရေးမူဝါဒပုံစံ ဖြစ်သည်။ ယင်းကဲ့သို့ ပုံဖော်နိုင်ရေးအတွက်လည်း နိုင်ငံတော်များကို ဗဟိုပြုထားသည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းပေါ်လာရေး လက်တွေ့နိုင်ငံရေးအခြေအနေအပေါ် အသုံးချကာ မော်စကိုက ကြိုးပမ်းလျက်ရှိသည်။ ကျင့်ဝတ်ပိုင်းဆိုင်ရာ ယုံကြည်ချက်များထက် လိုအပ်ချက်များ၊ အခွင့်အလမ်းများအပေါ် အခြေတည်ပြီး နိုင်ငံများလည်ပတ်ရန် ရုရှားက အလိုရှိနေခြင်းဖြစ်သည်။ ယင်းအဂ္ဂမဟာဗျူဟာအတိုင်း ရုရှား အကောင်အထည်ဖော်နေခြင်းကို တန်ပြန်ရေး အမေရိကန်နှင့် အနောက်တိုင်းမဟာမိတ်များ မည်သည့်အတိုင်းအတာထိ ပါဝင်လုပ်ဆောင်မည်ဆိုသည်မှာ မသိကိန်းတစ်ခုဖြစ်နေသည်။

**ချမ်းမြေ့**

**ကိုးကား- The Washington Post**

**အမေရိကန်ပြည်ထောင်စုရဲ့ ကာကွယ်ရေး မဟာဗျူဟာသစ်နဲ့ပတ်သက်ပြီး တရုတ် နိုင်ငံက ဝေဖန်မှုတွေ အပြင်းအထန် ပြုလုပ်လာပါတယ်။**

အမေရိကန်ဟာ အရှေ့အာရှမှာ တင်းမာမှုတွေ တိုးပွားလာအောင် ပြဿနာရှာနေတဲ့ နိုင်ငံ ဖြစ်တယ်ဆိုပြီး တရုတ်ရေတပ် ဒုတိယ ဗိုလ်ချုပ်ကြီး ယီယန်က စွပ်စွဲပြောကြားထားတဲ့ ဆောင်ပါးတပုဒ်ကို တရုတ်ကွန်မြူနစ် ပါတီ သတင်းစာ တစောင်ရဲ့ ရှေ့မျက်နှာဖုံးမှာ ဖေါ်ပြထားပါတယ်။

အာရှဒေသတွင်း အမေရိကန်ရဲ့ စစ်တပ်ကို တိုးချဲ့မယ်ဆိုတဲ့ သမ္မတ ဘားရက်အိုဘားမား ရဲ့ ဒီအပတ် ထုတ်ပြန်တဲ့ ကြေညာချက်ဟာ တရုတ်ရဲ့ အိမ်ရန်တို့ကို ပစ်မှတ်ထားတာ ဖြစ်တယ်လို့ ဗိုလ်ချုပ်ကြီး ယီယန်က ပြောပါတယ်။

တရုတ်မှာ ရှိတဲ့ ဘီဘီစီသတင်းထောက်ပြောတာကတော့ - ဒီဆောင်ပါးကို အခုလို ပေါ်ပေါ် လွင်လွင် ထုတ်ဝေဖို့အတွက် တရုတ်အစိုးရ ထိပ်တန်းပိုင်းက လုပ်ခိုင်းတာ ဖြစ်ရမယ်လို့ ဆိုပါတယ်။

အမေရိကန်ကတော့ သူတို့ရဲ့ စစ်ရေးဆောင်ရွက်မှုတွေအတွက် တရုတ်အနေနဲ့ ဘာမှာ စိုးရိမ်စရာ မရှိဘူးလို့ ပြောပါတယ်။

**ထိပ်တန်း သတင်းများ**

- တိုက်ရိုက်ထုတ်လွှင့်မှုပစ်ခတ်ဖြိုခွင်းမှုတွေကြောင့် မုံရွာနဲ့သထုံမှာ လူအနည်းဆုံး ၃ ဦး သေဆုံး
- မြန်မာ့ဒီမိုကရေစီတိုက်ပွဲကို ကမ္ဘာ့စင်မြင့်ပေါ် တင်ပေးတဲ့ အလှမယ်

  ၃ ဧပြီ ၂၀၂၁

- ဖက်ဒရယ်ပဋိညာဉ်က မြန်မာ့နိုင်ငံရေးဇာတ်ညွှန်းသစ်လား

  ၃ ဧပြီ ၂၀၂၁

### ဆောင်းပါး

- 

  [ဘဝအပျက်ခံပြီးအာဏာဖီဆန်ကြသူများ]

  ၂၃ မတ် ၂၀၂၁

- 
- 65.4k

---

- 
- 
- 

By နန်းလွင်နှင်းပွင့် 16 March 2020

Want create site? Find [Free WordPress Themes] and plugins.

## AA အတွက် စစ်ရေး ဗျူဟာကျတဲ့ ပလက်ဝ

ပလက်ဝမြို့နယ် အတွင်းက အရေးပါတဲ့ ရေလမ်း၊ ကုန်းလမ်းတွေကို စိုးမိုးနိုင်မယ့် အချက်အချာကျ နေရာတွေကို ရယူဖို့အတွက် AA က ဆက်လက် ကြိုးပမ်းနေပါတယ်။

ပြင်းထန်လာတဲ့ စစ်မြေပြင်ကြားမှာ နှစ်ဖက်လုံးက စစ်သားတွေဟာ ခက်ခက်ခဲခဲ ရှန်းကန်တိုက်ခိုက်ကြရတဲ့ အခြေ အနေ ရှိနေတယ်လို့ ယူဆရပါတယ်။

တပ်မတော်နဲ့ AA ကြား အပြန်အလှန် စားနပ်ရိက္ခာ လမ်းကြောင်းတွေကို ဖြတ်တောက်ဖို့ ဗျူဟာချတိုက်ခိုက်တာတွေ၊ နယ်မြေကို စိုးမိုးနိုင်မယ့် ဗျူဟာကုန်းတွေကို တိုက်ခိုက်မှုတွေဟာ ဖေဖော်ဝါရီလမှာ ပိုပြီး အရှိန်မြှင့်လာခဲ့ပါတယ်။

တပ်မတော်ရဲ့ ရဟတ်ယာဉ်တွေ မကြာခဏ ဗုံးလာကျဲတဲ့ ကြားထဲကနေ တပ်မတော်ရဲ့ မီးချောင်းဝ ဗျူဟာကုန်းကို သိမ်းယူဖို့ AA က တိုက်ခိုက်နေတာလည်း တလခန့် ရှိနေပါပြီ။

မီးချောင်းဝ ဗျူဟာကုန်းဟာ ရခိုင်ပြည်နယ် ကျောက်တော်မြို့ကနေ ပလက်ဝမြို့နယ်ကို ကုလားတန်မြစ် အတိုင်း လာရင် မဖြစ်မနေ ဖြတ်သွားရမယ့် နေရာတခုပါ။

မီးချောင်းဝ ဗျူဟာကုန်းရှိတဲ့ တောင်တကြောဟာ မြင့်ပြီး စစ်ရေးအရ ဘေးပတ်ဝန်းကျင်တကြောကို အပေါ်စီးကနေ ကြည့်နေနိုင်တဲ့ နေရာဖြစ်ပါတယ်။ ကုလားတန်မြစ်ကြောင်းကို စိုးမိုးနိုင်တဲ့ နေရာတခုလည်း ဖြစ်ပါတယ်။

မတ်လ ပထမအပတ်မှာ တပ်မတော်က ပြင်းအားကြီးမားတဲ့ ဗုံးတွေ ရဟတ်ယာဉ်နဲ့ ကျဲချတော့ မီချောင်းဝ ဗျူဟာ ကုန်းကို သိမ်းဖို့ တိုက်ခိုက်နေတဲ့ ရခိုင်စစ်သားတချို့ နားစည်ပင်းသွားတဲ့အထိ အကြားအာရုံ ထိခိုက် ကုန်ကြတယ်လို့ သိရပါတယ်။




တပ်မတော်(လေ)မှ ကျဲချသည့် ဗုံးများ၏ အခွံများ(AA)

AA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ထွန်းမြတ်နိုင်က"ကျနော်တို့ ခန့်မှန်းတာက Thermobaric Bomb ပေါင် ၂၅၀၊ ပေါင် ၅၀၀ ဗုံးတွေ ဖြစ်ဖို့ များပါတယ်။ ပေါက်ကွဲအား ပြင်းထန်ပြီး အနီးနားရှိတဲ့ အောက်ဆီဂျင်တွေ လောင်ကျွမ်းတာပေါ့။ သူက Wave တွေနဲ့ ရိုက်ပြီး ကွဲတော့ ဘန်ကာထဲက လူတွေပါ နားစည်တွေ ကွဲတယ်"လို့ ပြောပါတယ်။

အဲဒီလို AA စစ်သားတွေ တိုက်ပွဲထဲမှာ နားစည်ကွဲတာ နှာခေါင်းသွေးလျှံတာ နားစည်ထဲက သွေးတွေယိုတာ မျိုးတွေ ဟာ ပေါက်ကွဲအားပြင်းတဲ့ လက်နက်တွေကြောင့် ဖြစ်လေ့ဖြစ်ထ ရှိတာတွေလို့ တပ်မတော် သတင်းမှန် ပြန်ကြားရေး အဖွဲ့က ဗိုလ်မှူးချုပ် ဇော်မင်းထွန်းကလည်း ပြောပါတယ်။

ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက“အတိတ်သမိုင်း ပြန်လှန်တာတော့ မဟုတ်ဘူး။ ကရင်ပြည်နယ်အတွင်းမှာ မဲသဝေါတို့ တိုက်တုန်းကလည်း လက်နက်ကြီးကျည်ကျရင်ကို အလုံပိတ်ထားတဲ့ ဘန်ကာထဲမှာ တည့်တည့်ကျရင်တော့ အလုံ ပိတ် ထားတဲ့ထဲမှာ နေတဲ့လူတွေကတော့ နားစည်ကွဲတာတွေ ဖြစ်တာပေါ့။ ဒါက ပေါက်ကွဲအားပြင်းတဲ့ လက်နက်တွေကြောင့် ဖြစ်လေ့ဖြစ်ထ ရှိတဲ့ဟာတွေပါ”လို့ ပြောဆိုပါတယ်။

ပလက်ဝမှာ ခြေကုပ်ယူထားပြီး လှုပ်ရှားနေတဲ့ AA အတွက်ကတော့ ပလက်ဝဟာ စစ်ရေးဗျူဟာ အရ အရေးပါတယ် လို့ မကြာခဏ ထုတ်ဖော်ပြောဆိုဖူးပါတယ်။

ပလက်ဝက အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ် နိုင်ငံ ၂ နိုင်ငံကို ဖြတ်သန်း ဝင်ရောက်နိုင်တဲ့ ဂိတ်ပေါက်တခု ဖြစ်သလို ပလက်ဝ ရဲ့တောတောင်ထူထပ်တဲ့ နယ်မြေဟာလည်း ရခိုင်ပြည်နယ် မြောက်ပိုင်းနဲ့ ဆက်စပ်နေတာပါ။

တောင်ကုန်း တောင်တန်းတွေကတဆင့် ကုန်းလမ်းက ဖြစ်စေ၊ ကုလားတန် မြစ်ကြောင်းအတိုင်း ရေကြောင်းကနေ ဖြစ်ဖြစ် ပလက်ဝဟာ ရခိုင်ပြည်နယ် မြောက်ပိုင်းကို ဝင်ရောက်ဖို့ အဓိကကျတဲ့နေရာ ဖြစ်ပါတယ်။

ဗိုလ်ချုပ် ထွန်းမြတ်နိုင်က သူရဲ့စစ်သားတွေဟာ ၂၀၁၁ ခုနှစ်ကတည်းက ဘင်္ဂလားဒေ့ရှ် နယ်စပ် တောင်ပေါ်ရွာတွေ ကတဆင့် ပလက်ဝထဲကို ဖြည်းဖြည်းချင်း စိမ့်ဝင်ဖို့ နှစ်ရှည်အစီအစဉ်ချပြီး ကြိုးစားခဲ့ရတာလို့ ပြောပြပါတယ်။



မဟာဗျူဟာကျသည့် ပလက်ဝနယ်မြေနှင့် ကုလားတန်မြစ်(ရောဝတီ)

တပ်မတော် သတင်းမှန်ပြန်ကြားရေး အဖွဲ့က ဗိုလ်မှူးချုပ် ဇော်မင်းထွန်းကတော့ ပလက်ဝ ဒေသတွင်းမှာ တပ်မတော် နေရာယူထားတဲ့ ဗျူဟာကျစိုးမိုးကုန်းတွေကို လိုက်တိုက်နေတာ ရှိတယ်လို့ ဖေဖော်ဝါရီ တတိယပတ်က နေပြည်တော် မှာ ပြုလုပ်တဲ့ သတင်းစာ ရှင်းလင်းပွဲမှာ ပြောဆိုထားပါတယ်။

"သူတို့ အကျအဆုံး တော်တော်များပါတယ်"လို့လည်း ပလက်ဝတိုက်ပွဲတွေနဲ့ ပတ်သက်ပြီး ဗိုလ်မှူးချုပ် ဇော်မင်းထွန်း က ပြောပါတယ်။

၂၀၂၀ ပြည့်နှစ်အတွင်းမှာ မီးချောင်းဝ ဗျူဟာကုန်းအပြင် ကုလားတန်မြစ် အထက်ဘက်က နန်းဘူး စခန်း ၂ ခုကို လည်း လာတိုက်နေတာ ရှိပေမယ့် အကျအဆုံးများပြီး အရေးနိမ့်လို့ AA စစ်သားတွေဟာ ဆုတ်ခွာ ပြေးသွားတယ် လို့လည်း တပ်မတော်ဘက်က ပြောဆိုပါတယ်။

AA က ကြွေးကြော်ထားတဲ့ ရက္ခိတအိပ်မက် ၂၀၂၀ ကို အကောင်အထည် မဖော်နိုင်တာကြောင့် တစုံတရာ လက်ဆုပ် လက်ကိုင်ပြဖို့ အတွက် ပလက်ဝရဲ့အဓိကကျတဲ့ စခန်းတွေကို လိုက်ဖိတိုက်နေတာလို့လည်း ဗိုလ်မှူးချုပ် ဇော်မင်းထွန်း က ဆိုပါတယ်။

ဗိုလ်ချုပ် ထွန်းမြတ်နိုင်ကတော့ မီးချောင်းဝတိုက်ပွဲမှာ တပ်မတော်ဘက်က စစ်ကူတွေ လာပေမယ့် AA က ဝိုင်းပိတ်ပြီး တိုက်နေတာကြောင့် တချို့တပ်တွေဆိုရင် စားနပ်ရိက္ခာ ပြတ်တောက်တဲ့ အထိ ဖြစ်နေပြီလို့ ပြောပါတယ်။

"သူ့ရဲ့ ဗျူဟာကုန်းအဖွဲ့က ရိက္ခာတော်တော်ပြတ်သွားပြီ။ မတ် ၈ ရက်ကဆို သူတို့ ရဟတ်ယာဉ် ၇ စင်း သုံးတယ်။ ၁၀ ကြိမ် မက ဗုံးကြဲတယ်။ ဂျက်လေယာဉ်အပေါ်က ဝဲပြီး ဒုံးတွေပစ် ဗုံးကြဲတယ်။ တပြိုင်တည်း အပေါ်ကနေ ဆန်ပြုတ် ထုတ်တွေ ရေခဲတွေ ရေသန့်ဗူးတွေ ချပေးနေတယ်"လို့လည်း ဗိုလ်ချုပ် ထွန်းမြတ်နိုင်က ပြောဆိုပါတယ်။

ပလက်ဝမှာ တပ်မတော်နဲ့ AA ဟာ ကျားကုတ်ကျားခဲ အပြင်းအထန်ကို တိုက်ခိုက်နေကြတာပါ။

တိုက်ပွဲတွေ ဆက်လက်ပြင်းထန်နေပြီး မတ်လ ၁၀ ရက်နဲ့ ၁၁ ရက်မှာတော့ တပ်မတော် တပ်မ ၇၇ လက်အောက်ခံ ခြေလျင် တပ်ရင်း (ခမရ) (၇) က တပ်ရင်းမှူး၊ အရာရှိတွေနဲ့ တပ်သားတွေ စုစုပေါင်း ၃၆ ဦးကို လက်နက်ခဲယမ်းတွေနဲ့ အတူ AA က ဖမ်းဆီးလိုက်ပါတယ်။

တပ်မတော်က လက်နက်အင်အား၊ လေကြောင်းစစ်ကူ သာပေမယ့် မမှုဘူးလို့လည်း ဗိုလ်ချုပ် ထွန်းမြတ်နိုင်က ပြောဆို နေပါတယ်။

တပ်မတော် ရဟတ်ယာဉ်တွေကို ပစ်ချဖို့ ကြိုးစားနေတာ ရှိတယ်လို့လည်း ထုတ်ဖော် ပြောဆိုပါတယ်။

“လောလောဆယ် ပေါက်အောင်တော့ လုပ်နိုင်တယ်။ ကွဲအောင်တော့ မလုပ်နိုင်သေးဘူးပေါ့ဗျာ။ သူတို့ ရဟတ်ယာဉ် တွေမှာ ဒဏ်ရာတွေ အများကြီးရှိပါတယ်”လို့လည်း ဗိုလ်ချုပ် ထွန်းမြတ်နိုင်က ပြောပါတယ်။



ပလက်ဝနယ်တွင် လှုပ်ရှားနေသည့် AA စစ်သားတဦး(အောင်ကျော်ထက်၊ ဧရာဝတီ)

ဗိုလ်ချုပ် ထွန်းမြတ်နိုင်က မြေပြင်က သူ့စစ်သားတွေဆီမှာ ရဟတ်ယာဉ်တွေကို ပစ်ခတ်နိုင်တဲ့ လက်နက်တွေ ရှိတယ် ဆိုတာကို ထုတ်ပြောနေတာပါ။

ဘယ်လို လက်နက် အမျိုးအစားတွေလဲ ဆိုတာကိုတော့ အတိအလင်း ထုတ်ဖော်ပြောတာ မရှိပေမယ့် လူမှုကွန်ရက် မှာ ပျံ့နှံ့နေတဲ့ ဗီဒီယိုမှတ်တမ်းတခုမှာတော့ AA Gun လို့ အတိုကောက်

ခေါ် ကြတဲ့ လေယာဉ်ပစ် စက်သေနတ် Anti-Aircraft Gun (12.7mm) ကို AA စစ်သားတဦးက ပစ်ခတ်နေတာ တွေ့ရပါတယ်။

ယခင် အရှေ့မြောက်ဒေသ ဗမာပြည် ကွန်မြူနစ် ပါတီ (ဗကပ) ရဲ့တိုက်ပွဲတွေတုန်းကလည်း တပ်မတော် ရဟတ်ယာဉ်တွေကို ပစ်ချမှုမျိုး ရှိခဲ့ပါတယ်။

ဗကပ မြောက်ပိုင်း ဗျူရို အထူးဒေသရဲ့တပ်မှူးအဖြစ် တာဝန် ထမ်းဆောင်ခဲ့ဖူးတဲ့ ဦးမောင်မောင်စိုးကတော့ “အရင် ခေတ်က စစ်တပ်လေယာဉ်တွေကို ဗကပက ပစ်ချတာ ဒီပွိုင့် ၅ စက်ကြီးနဲ့ပဲ။ အခုခေတ် အဆင့်မြင့် (ရဟတ်ယာဉ်) တွေကိုတော့ အပေါက်လောက်ပဲ ဖောက်နိုင်မယ် ထင်တယ်”လို့ ပြောပါတယ်။

ရခိုင် စစ်မြေပြင်တခုလုံးကို ပြန်ကြည့်ရင် တပ်မတော်ဘက်က ရဟတ်ယာဉ်တွေရဲ့ထိခိုက်မှုတွေကို ထုတ်ပြောတာ မရှိ သေး ပါဘူး။

သို့ပေမယ့် ဖေဖော်ဝါရီ ၁၆ ရက်ကတော့ စစ်တွေကနေ ဘူးသီးတောင်မြို့ကို သွားတဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး စီးနင်းလာတဲ့ ရဟတ်ယာဉ် ပစ်ခတ်ခံရတဲ့ သတင်းဟာ အုတ်အော်သောင်းတင်း ဖြစ်ခဲ့ပါတယ်။

ဒေါက်တာ ဝင်းမြတ်အေးကတော့ ထိခိုက်မှု တစုံတရာ မရှိပေမယ့် AA ပစ်ခတ်လိုက်တဲ့ ကျည်ကတော့ ရဟတ်ယာဉ် ဝမ်းဗိုက်မှာ ၂ ချက် ထိမှန်သွားခဲ့ပါတယ်။

AA စစ်သားတွေ စားနပ်ရိက္ခာ ရရှိရေး၊ ဆေးဝါး အထောက်အပံ့ ရရှိရေးဟာ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ် နယ်စပ် ဖြစ်တဲ့ ပလက်ဝ ဒေသဟာ အရေးပါတဲ့ နယ်မြေလည်း ဖြစ်နိုင်ပါတယ်။

AA ရဲ့လက်နက်ခဲယမ်း ဖြည့်တင်းဖို့ အတွက် နယ်စပ် ဒေသတွေဟာ အရေးပါတဲ့ နေရာတွေ ဖြစ်တယ်လို့ သုံးသပ် ကြသူတွေ ရှိပေမယ့် AA ကတော့ သူ့ရဲ့လက်နက်ခဲယမ်း သယ်ယူတဲ့ လမ်းကြောင်းကို ထုတ်ဖော်ပြောဆိုခြင်း မရှိပါ ဘူး။

မြန်မာနိုင်ငံတွင်းမှာ အစိုးရကို တော်လှန်တိုက်ခိုက်နေတဲ့ တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့တွေက စားနပ်ရိက္ခာ ရရှိဖို့ ဆေးဝါးအထောက်အပံ့နဲ့ လက်နက်ခဲယမ်းတွေ ရှာဖွေနိုင်ဖို့ အတွက် နယ်စပ် စည်းမျဉ်းတွေကို ခြေကုပ်ရယူကြ ပါတယ်။

လူမှုကွန်ရက်တွင် ပျံ့နှံ့နေသည့် AA စစ်သားတဦး လေယာဉ်ပစ် စက်သေနတ် Anti-Aircraft Gun (12.7mm) ကို ပစ်ခတ်နေပုံ

AA ရဲ့ညီနောင် မဟာမိတ်တွေဖြစ်တဲ့ ကချင်၊ ရှမ်း၊ ဝနဲ့ မိုင်းလား စတဲ့ တော်လှန်ရေး တပ်ဖွဲ့တွေ ဆိုရင်လည်း ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံတို့နဲ့ ကုန်းလမ်း၊ ရေလမ်း နယ်နိမိတ်စည်းတွေမှာ ၎င်းတို့ရဲ့နယ်မြေအခြေစိုက် စခန်းတွေကို တည်ဆောက်ကြတာပါ။

နယ်စပ်ထွက်ပေါက် မရှိဘဲ ကုန်းတွင်းပိတ်မိနေတဲ့ တော်လှန်ရေး တပ်ဖွဲ့တခုဟာ တပ်မတော်ကို အင်အား တောင့် တောင့် တင်းတင်းနဲ့ ကာလရှည်ကြာ တိုက်ခိုက်နိုင်ဖို့ လွယ်ကူမှာ မဟုတ်ပါဘူး။

ပလက်ဝဒေသရဲ့ပထဝီမြေပြင် အခြေအနေက ထူးခြားချက်တွေလည်း ရှိပါတယ်။ ကုလားတန်မြစ် တကြောရဲ့တဖက် တချက်စီက တောင်ကုန်းတောင်တန်းတွေချည်း ဖြစ်ပါတယ်။ မြေပြန့်ဧရိယာ နည်းပါးလွန်းတာကြောင့် ရေကြောင်းက အနိမ့်ပိုင်း ပစ်ကွင်းလို အနေအထားမျိုး ဖြစ်နေတာပါ။

ကုလားတန်မြစ်ကြောင်းဘေးက တောင်ကုန်းတွေပေါ်မှာ တပ်အင်အားတွေ ဖြန့်ကျက်မထားနိုင်ဘဲ ရေကြောင်းအတိုင်း စစ်သားတွေ သွားလာမယ်ဆိုရင် အရေးနိမ့်နိုင်တဲ့ အခြေအနေ ရှိနေပါတယ်။

နောက်တချက်ကတော့ ပလက်ဝမြို့နယ် အစွန်အဖျားက တောင်တန်းတွေဟာ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ ၃နိုင်ငံ နယ်နိမိတ် ဖြစ်တာကြောင့် တပ်မတော်ရဲ့လေကြောင်းကနေ ဗုံးကျဲတိုက်ခိုက်မှုဒဏ် အလွတ်ကင်းနိုင်ဆုံး နေရာလည်း ဖြစ်ပါတယ်။

တိုင်းရင်းသားအရေး လေ့လာသုံးသပ်သူ ဦးမောင်မောင်စိုးကလည်း ရခိုင်ပြည်နယ်ထက် ပလက်ဝမြို့နယ်တွင်းမှာ ပြင်း ထန်တဲ့ တိုက်ပွဲတွေ မဖြစ်တာက စစ်ဆင်ရေးတွေမှာ ပထဝီမြေပြင် အနေအထားအရ အကန့်အသတ်တွေ ရှိနေတာ ကြောင့် လို့ သုံးသပ်ပါတယ်။

ဦးမောင်မောင်စိုးက“လေကြောင်းက တိုက်ခိုက်မယ် ဆိုရင်လည်း နယ်စပ်နဲ့ နီးကပ်သွားရင် အခြားနိုင်ငံရဲ့နယ်နိမိတ် ထဲကို လေယာဉ်ပစ် ဒုံးကျည်တွေ လေကြောင်းတိုက်ခိုက်မှု ဒုံးကျည်တွေ

ကျသွားမှာစိုးလို့ ပလက်ဝ ဧရိယာထဲမှာ စစ်ဆင်ရေးတွေ လျော့ကျသွားတယ်လို့ ထင်ပါတယ်”လို့လည်း ပြောပါတယ်။

ပထဝီမြေပြင် အနေအထားအရ စစ်ဆင်ရေးမှာ အကန့်အသတ်တွေ ရှိနေတယ် ဆိုပေမယ့် နယ်စပ်နဲ့ အလှမ်းဝေးတဲ့ ပလက်ဝမြို့ ပတ်ဝန်းကျင်မှာ လေကြောင်း အသုံးပြုပြီး တပ်မတော်ဘက်က AA ကို ဖုံးကျဲတိုက်ခိုက်တာ အတွဲလိုက် ဒုံးကျည်တွေနဲ့ ပစ်တာမျိုး တွေကို ပြုလုပ်နေတာလည်း ရှိနေပါတယ်။

ညပိုင်းတွေမှာလည်း တပ်မတော်က ပစ်ခတ်နေတဲ့ လက်နက်ကြီး ပစ်သံတွေ အတွဲလိုက်ဒုံးကျည် ကျရောက်ပေါက်ကွဲ သံတွေက ပလက်ဝမြို့တွင်းထဲမှာ အိမ်တွေတောင် တုန်ဟီး သွားတယ်လို့ ထင်ရအောင် ကျယ်ကျယ် လောင်လောင် ကြားရပါတယ်။




အင်အားကောင်းနေဆဲဖြစ်တဲ့ AA ကို အင်အားချိနဲ့အောင် တပ်မတော်ဘက်က မတိုက်နိုင်ရင် ပလက်ဝ နယ်မြေထဲမှာ AA က အခြေခံစခန်းတခု တည်ဆောက် လာနိုင်တယ်လို့ ဦးမောင်မောင်စိုးက သုံးသပ်ပါတယ်။

ဦးမောင်မောင်စိုးက“တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့တွေက နောက်တန်းစခန်းတွေကို တည်ဆောက်လေ့ ရှိပါ တယ်။ KIA ဆိုရင်လည်း မိုင်ဂျာယန်၊ လိုင်ဇာတို့မှာ နောက်တန်း အခြေစိုက်စခန်းတွေထားပြီး ရှေ့တန်းမှာတော့ ပြောက်ကျား တပ်ဖွဲ့တွေ စေလွှတ်တာပေါ့။ အဲ့ဒီလို ပုံစံမျိုး ဖြစ်လာနိုင်တယ်”လို့လည်း ပြောဆိုပါတယ်။

ပလက်ဝဟာ ပထဝီမြေပြင် အနေအထားအရ အချက်အချာကျတာကြောင့် ပလက်ဝဒေသထဲက နယ်စပ်နေရာတွေမှာ အခြားတိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့တွေလို ထိန်းချုပ်နယ်မြေတခု ရယူနိုင်ဖို့ AA က ကြိုးစားနေတယ်ဆိုတဲ့ ပြောဆိုမှုတွေလည်း နိုင်ငံရေး အသိုင်းအဝိုင်းကြားမှာ ရှိနေပါတယ်။

ဗိုလ်ချုပ် ထွန်းမြတ်နိုင်ကတော့ ထိန်းချုပ်နယ်မြေဆိုတဲ့ နေရာ အကန့်အသတ် တခုလေးအတွက်ပဲ တိုက်ခိုက်နေတာ မဟုတ်ဘူးလို့ ပြောပါတယ်။

ဆက်လက်၍ သူက“ကျနော်တို့က ထိန်းချုပ်နယ်မြေဆိုပြီးတော့မှ ကိုယ့်ရဲ့ဘိုးဘွားပိုင် နယ်တွေမှာ အကွက်လေး တကွက်ကို မက်မောနေတာ မဟုတ်ပါဘူး။ ကျနော်တို့မှာ ဒီ့ထက် ကြီးမားတဲ့ ရည်မှန်းချက် ရှိတယ်။ ဒေသတခုလုံးကို ရအောင် တိုက်သွားမယ်”လို့လည်း ပြောပါတယ်။

ဗိုလ်ချုပ် ထွန်းမြတ်နိုင်ရဲ့ပြောဆိုချက်အရတော့ ပလက်ဝမှာ AA က ကြီးကြီးမားမား အောင်မြင်မှု ရသွားမှသာ စစ်ရေး ပဋိပက္ခတွေ တည်ငြိမ်သွားမယ်လို့ သိရပါတယ်။

ဒီအတိုင်း ဆိုရင်တော့ ပလက်ဝဒေသဟာ စစ်ရေး တည်ငြိမ်ဖို့ လမ်းစ မမြင်ရသေးပါဘူး။

**အပိုင်း (၃) ကို ဆက်လက် ဖော်ပြပါမယ်။**

**ဆက်စပ်လင့်**

[အိန္ဒိယရဲ့ မဟာဗျူဟာမြောက် ကုလားတန် စီမံကိန်းမှာ အရေးပါလာမယ့် AA (၁)]

Did you find apk for android? You can find new Free Android Games and apps.

**Topics:** AA, ကုလားတန် စီမံကိန်း, ချင်းပြည်နယ်, တပ်မတော်, ရခိုင်, အိန္ဒိယ

# မြန်မာက မဟာဗျူဟာမြောက်မိတ်ဖက်ဟု ရုရှား ပြောကြား

- **AUGUST 23, 2018**

Share on facebook

Share on twitter

Share on email

အရှေ့တောင်အာရှနှင့် ပစိဖိတ်အနားသတ်ဒေသတွင် မြန်မာက ရုရှား၏ မဟာဗျူဟာမြောက် မိတ်ဖက်ဖြစ်ကာ နှစ်နိုင်ငံဆက်ဆံရေးတွင် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုက အဓိကကျသည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးက ပြောကြားကြောင်း ရုရှားသတင်းဌာနတစ်ခုက ဩဂုတ် ၂၁ ရက်နေ့တွင် ဖော်ပြခဲ့သည်။

ရုရှားနိုင်ငံသို့ ရောက်ရှိနေသည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားကာကွယ်ရေးဝန်ကြီး Sergei Shoigu တို့ မော်စကို၌ ဩဂုတ် ၂၁ ရက်နေ့က တွေ့ဆုံစဉ် ၎င်းက ပြောကြားခြင်းဖြစ်သည်။

"အရှေ့တောင်အာရှနဲ့ ပစိဖိတ်အနားသတ်ဒေသတွင်းမှာ မြန်မာက ရုရှားရဲ့ မဟာဗျူဟာမြောက် မိတ်ဖက်အဖြစ် ကျွန်တော်တို့က သတ်မှတ်ထားပါတယ်။ ရုရှားမြန်မာ ဆက်ဆံရေးတစ်ခုလုံးမှာ ကာကွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုက အဓိကကျပါတယ်" ဟု ရုရှားကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလည်း နှစ်နိုင်ငံဆက်ဆံရေးနှင့် ကာကွယ်ရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုများမှာ နှစ်စဉ် တိုးတက်နေသည်ဟု ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့အသင်းက International Army Games မှာ ပါဝင်ခဲ့ရတာကို ဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။ ဒီလိုပွဲမျိုးမှာ ပါဝင်ခွင့်ရရှိခြင်းအားဖြင့် ရုရှားစစ်တပ်နဲ့ ပူးပေါင်းဆောင်ရွက်မှုမှာ အတွေ့အကြုံတွေရရှိဖို့အတွက် ကြီးမားတဲ့အခြေခံကို ရရှိစေမှာဖြစ်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရုရှားနိုင်ငံ၌ မကြာသေးမီက ကျင်းပခဲ့သည့် International Army Games တွင် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့လည်း ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားကာကွယ်ရေးဝန်ကြီးတို့ တွေ့ဆုံစဉ် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာနှင့် စစ်ဘက်နည်းပညာပိုင်း ဆိုင်ရာများတွင် ပူးပေါင်း ဆောင်ရွက်ရေး၊ အကြမ်းဖက်မှု တန်ပြန်နှိမ်နင်းရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားလျက်ရှိသည့် ပြဿနာများ ဖြေရှင်း ဆောင်ရွက်ရာတွင် ရုရှားနိုင်ငံမှ ထောက်ခံအားပေး ကူညီဆောင်ရွက်ပေးနေမှု အခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် ချစ်ကြည်ရေး ခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်သည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် ဩဂုတ် ၂၂ ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံတကာစစ်ဘက် နည်းပညာဖိုရမ် (Army Forum-2018) ရှိ စစ်ဘက်နည်းပညာပြခန်းများနှင့် ရုရှားနိုင်ငံမှ အသုံးပြုလျက်ရှိသည့် လေကြောင်း ရန်ကာကွယ်ရေး လက်နက်စနစ်များ၊ သံချပ်ကာယာဉ်များ၊ တင့်ယာဉ်များ၊ လေယာဉ်များနှင့် စစ်ဘက်သုံး ပစ္စည်းများအား လိုက်လံကြည့်ရှု လေ့လာကြသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ စာရင်းများအရ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံက ရုရှားမှ အမေရိကန်ဒေါ်လာ ၂၃၉ သန်းတန်ဖိုးရှိသည့် ကုန်စည်များကို ဝယ်ယူတင်သွင်းခဲ့သည်။ ထိုအထဲမှ ၇၈ ရာခိုင်နှုန်းကျော်မှာ စက်ပစ္စည်း၊ ကိရိယာများနှင့် မော်တော်ယာဉ်များ ဖြစ်သည်။

လာမည့်နှစ်နှစ်အတွင်း မြန်မာက ရုရှားမှ Yak-130 လေ့ကျင့်တိုက်ခိုက်ရေးလေယာဉ် ခြောက်စီးဝယ်ယူမည်ဖြစ်ကာ Su-30 တိုက်လေယာဉ်ခြောက်စီးဝယ်ယူရန်လည်း စီစဉ်နေသည်။

မြန်မာဌာန | သတင်းများ

# မဟာဗျူဟာကြောင့် အိန္ဒိယက မြန်မာ့အရေး လက်ရှောင်

*မြန်မာစစ်အစိုးရနဲ့ ပတ်သက်ပြီး လက်ရှောင်နေတာဟာ မဟာဗျူဟာ အကျိုးစီးပွားကြောင့် ဖြစ်ကြောင်း အိန္ဒိယအစိုးရ အရာရှိကြီးတယောက်က အေအက်ပီ သတင်းဌာနကို ပြောလိုက်ပါတယ်။*

**2010-11-10**

- ပုံနှိပ်ပါ
- ရှယ်ပါ
- မှတ်ချက်ပေးပါ
- အီးမေးလ်ပို့ရန်



*မြန်မာ စစ်အစိုးရ ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ (ယာ) ဇူလိုင်လကုန်ပိုင်းတွင် အိန္ဒိယနိုင်ငံသို့ ၅ ရက်ကြာ အလည်ခရီး သွားရောက်စဉ် အိန္ဒိယ သမ္မတ ပရာတီဘာ ဆင်း ပတေးလ် (ဝဲ) နှင့် ဇူလိုင် ၂၇ ရက်နေ့က တွေ့ဆုံ နှုတ်ဆက်နေပုံ ဖြစ်ပါသည်။ (Photo: AFP)*

*(Photo: AFP)*

အိန္ဒိယပါလီမန်မှာ အမေရိကန်သမတ အိုဘားမားက မြန်မာစစ်အစိုးရရဲ့ လူ့အခွင့်အရေး ချိုးဖောက်နေတာတွေကို အိန္ဒိယအစိုးရက မသိကျိုးကျွံ ပြုနေတဲ့အပေါ် ဝေဖန်ပြောဆိုခဲ့ပြီး နောက်တနေ့မှာ အမည်မဖော်လိုသူ အစိုးရအရာရှိကြီးတဦးက တုံ့ပြန်ပြောဆိုခဲ့တာပါ။

မြန်မာနဲ့ အိန္ဒိယဟာ နယ်စပ်ချင်း ရှည်ရှည်လျားလျား ဆက်စပ်နေကြတာပါ၊ အိန္ဒိယရဲ့ မြန်မာပြည်ဆိုင်ရာ မူဝါဒ၊ အိန္ဒိယရဲ့ မြန်မာပြည်ဆိုင်ရာအမြင်ဟာ နိုင်ငံရေးမဟာဗျူဟာအရ ဖြစ်လာရတာပါ၊ မိမိတို့အနေနဲ့ မြန်မာပြည် ငြိမ်းချမ်းစေချင်ပါတယ်လို့ ပြောဆိုခဲ့ပါတယ်။

မူလပထမက ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံခဲ့တဲ့ အိန္ဒိယဟာ ၁၉၉၀ ခုနှစ်ပိုင်းတွေအတွင်း လုံခြုံရေး၊ လောင်စာစွမ်းအင်နဲ့ မဟာဗျူဟာမြောက် ဦးစားပေးကိစ္စတွေကြောင့် စစ်အစိုးရနဲ့ ဆက်ဆံရေးကောင်းမွန်အောင် ကြိုးစားလာခဲ့ပါတယ်။

နယ်စပ်ဒေသတလျှောက်က ခွဲထွက်ရေး သူပုန်အဖွဲ့တွေ၊ မြန်မာ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့၊ မြန်မာအပါအဝင် ဒေသတွင်းမှာ တရုတ်ရဲ့ ကြီးထွားလာတဲ့ သြဇာ စတာတွေကြောင့် အိန္ဒိယဟာ မြန်မာစစ်အစိုးရရဲ့ အကူအညီကို လိုအပ်နေတာ ဖြစ်ကြောင်း အိန္ဒိယအစိုးရအရာရှိ အသိုင်းအဝန်းက ဆိုပါတယ်။

ဒါပေမဲ့ အိန္ဒိယ ကက်ရှ်မီးယား ခွဲထွက်ရေးဝါဒီတွေကတော့ အမေရိကန်သမတ အိုဘားမား ဟာ စံနှုန်းနှစ်မျိုးထားပြီး လိုသူအပေါ်တမျိုး၊ မလိုသူအပေါ် တမျိုးပြောဆိုခဲ့တယ်လို့ မနေ့က စွပ်စွဲ ပြောဆို လိုက်ပါတယ်။

အိန္ဒိယ ပါလီမန်မှာ အမေရိကန်သမတ အိုဘားမားက မြန်မာစစ်အစိုးရရဲ့ လူ့အခွင့်အရေး ချိုးဖောက်နေတာတွေကို အိန္ဒိယအစိုးရက မသိကျိုးကျွံပြုနေတဲ့အပေါ် ဝေဖန်ပြောဆိုခဲ့ပေမဲ့၊ မိမိတို့ ကက်ရှ်မီးယားဒေသမှာ အိန္ဒိယအစိုးရက ဖိနှိပ်နေတာတွေကိုတော့ ထည့်သွင်းပြောဆိုဖော် မရဘူး လို့ ဝေဖန်လိုက်ပါတယ်။